ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (24-6-2010) (မြဘ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာမာကီးယန်ချူချတ် ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　ဇွန်　　၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာမာကီးယန်ချူချတ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာမာကီးယန်ချူချတ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာမာကီးယန်ချူချတ်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

စျေးကွက်ဝင်ရော်ဘာ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် ရာသီဥတုမျှတကောင်းမွန်သဖြင့် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည်။ မြန်မာနိုင်ငံ၏ စက်မှုကုန်ကြမ်းသီးနှံများတွင် အပါအဝင်ဖြစ်သော နှစ်ရှည်ပင်ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရပေမည်။

ယခုအခါ နိုင်ငံတကာစျေးကွက်တွင် ရော်ဘာရောင်းဝယ်မှုများတွင်ကျယ် ပျံ့နှံ့လာနေသည်။ စက်မှုကုန်ကြမ်း ရော်ဘာနှင့် ဓာတုပစ္စည်းများပေါင်းစပ်ပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှု များပြားလာသဖြင့် စျေးကွက်ဝယ်လိုအားကောင်းနေသည်။ ရေ၊ မြေအခြေအနေပေးသည့် နေရာဒေသတိုင်းတွင် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးသင့်သည်။

ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကို နှစ်ပေါင်းများစွာကပင် လုပ်ကိုင်လာခဲ့ကြသည်။ မွန်ပြည်နယ်၌ အဓိကစိုက်ပျိုးလျက်ရှိသည်။ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော ရေ၊ မြေ သဘာဝအခြေအနေနှင့် မိုးကောင်းစွာရရှိမှုတို့ကြောင့် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံးစိုက်ပျိုးထုတ်လုပ်နေသော ဒေသလည်းဖြစ်သည်။

မွန်ပြည်နယ်အပြင် တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရာသီဥတုရှိသည်။ ပြည်ပနိုင်ငံအချို့က မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကမ်းလှမ်းမှုများပြုလုပ်နေကြပြီ။

မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် ရော်ဘာပင်အိုများခုတ်၍ အစေးထွက်ကောင်းသော ဖူးဆက်ပင်များ စိုက်ပျိုးနေကြပြီ။ ရော်ဘာပင်များ အစိုဓာတ်မိစေရန်နှင့် အပင်မှမိုးရေစုပ်ယူနိုင်ရေးအတွက် ဇွန်လအတွင်း အပြီးစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရပေမည်။ တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက ၁၁သိန်းကျော်ရှိနေပြီ။ ယခုနှစ်အတွင်း ရော်ဘာဧက ကိုးသောင်းကျော် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က ရော်ဘာစိုက်ပျိုးလိုသူများအတွက် စိုက်ပျိုးမြေ အလွယ်တကူရရှိနိုင်ရေး စီစဉ်ပေးလျက်ရှိသည်။ မျိုးကောင်း၊ မျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကူညီဖြည့်ဆည်းပေးနေသည်။ နှစ်စဉ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာလျက်ရှိသည်။ မြန်မာ့ရော်ဘာများကို အိမ်နီးချင်းနိုင်ငံများက ဝယ်ယူလျက်ရှိရာ စျေးကွက်ဝင် တွက်ခြေကိုက်သည့် ရော်ဘာကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံတော်နှင့် စိုက်ပျိုးသူများ ဝင်ငွေတိုး အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိလာကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်သစ်ပင်စိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး သစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများက တပ်ရင်း၊ တပ်ဖွဲ့များသို့ ပျိုးပင်များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကံ့ကော်ပင်၊ တိုင်းမှူးက ခရေပင်နှင့် တပ်မတော်အရာရှိကြီးများက သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများက မန်ကျည်း၊ ကျွန်း၊ စိန်ပန်း၊ ယူကလစ်၊ ပျဉ်းမ၊ ခရေ၊ ရေတမာ၊ ပျဉ်းကတိုး၊ ကုက္ကို၊ သရက်၊ မဲဇလီ၊ မဟော်ဂနီ၊ ကံ့ကော်နှင့် ဆီသပြေစသည့် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အရာရှိကြီးများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရွှေတောင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့မစျေးပတ်လမ်း ရေနုတ်မြောင်းတူးဖော်ခြင်းကို အဖွဲ့ဝန်ထမ်းများဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၃၀ ၃။ ဓမ္မပူဇာတေး
- ၇:၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၅။ မွေးမြူသုတ
- ၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန်နဲ့စားသူတို့ပျော်စံရာ (အပိုင်း-၂၄)
- ၇:၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၂၃)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ** (Live) **-စလိုဗက်ကီးယား နှင့် အီတလီ**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

၂၅-၆-၂၀၁၀ ရက် (သောကြာနေ့)

- ၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -ကင်မရွန်းအသင်းနှင့် နယ်သာလန်အသင်း**

ကျောင်းကျန်းမာရေး အဆင့်မြင့်ထူထောင်ရေး ရန်ကုန်တောင်ပိုင်းခရိုင်၌ ဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် ကျောင်းကျန်းမာရေး (အဆင့်မြင့်ကျောင်း) ထူထောင်ရေး ဆွေးနွေးပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးမြင့်သိန်းနှင့် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီ **(ယာပုံ)**တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ကလေးအရာရှိချုပ် ဒေါ်မြလေး၊ ကလေးအရာရှိ ဒေါ်သက်သက်နိုင်နှင့် တက်ရောက်လာကြသော ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက ဆွေးနွေးကြသည်။ ယင်းနောက် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီနှင့် ခရိုင်ပညာရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(၅၂၇)

မူးယစ်ကိုပစ် ပန်းတိုင်သစ်

စိတ်သစ်လူသစ် ဘဝသစ်

အဖျောက်မြို့ (၂)ရပ်ကွက် ဗန္ဓုလလမ်းနှင့် မြို့မစျေးရှေ့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရန် စည်ပင်သာယာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်မှုကို အဖျောက်စည်ပင် ရုံးခွဲတာဝန်ခံ ဒု-ဦးစီးမှူး ဦးစိန်လှိုင်နှင့် အမှတ်(၂) ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဦးတေဇိန္ဒ(သွေးဆေးကန်ဆရာတော်)ဟောကြားတော်မူသောတရားတော်"
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Navitas Global Education Day)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၆)**
၈း၃၀ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့. . . (အပိုင်း-၁)
၈း၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "နတ်ဖက်တဲ့စုံတွဲများ"
၉း၂၀ Activities In the City [အ. မ. က (၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ]
၉း၃၅ စွမ်းရည်ထက်မြက်မြန်မာ့မျက်လှည့်
၁၀း၁၅ အမြင်ဆန်းတင့်သပ်ရပ်ခံ့ထည်အလှဆင်မယ်
၁၀း၂၅ ဈေးဝယ်လမ်းညွှန် (Cover Girl)
၁၀း၅၅ ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇ၊ အကယ်ဒမီပန်းဖြူ၊ ကလေးသရုပ်ဆောင်ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ
၁၁း၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ငှက်ဖျားရောဂါအကြောင်းသိကောင်းစရာ) (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာဇင်မေရှင်း၊ ဒေါက်တာချစ်သုဝေ၊ ချမ်းငြိမ်းသူ)
၁၂း၀၀ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး. . .
၁၂း၂၀ မြန်မာကြိုက်နံ့သာဖြူပရုတ်ဆီ
၁၂း၃၅ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန် (၂) ကလေးများနှင့်ကင်ဆာရောဂါ
၁း၀၀ "ဦးတေဇိန္ဒ(သွေးဆေးကန်ဆရာတော်)ဟောကြားတော်မူသောတရားတော်"
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Romantic Couple-1)
၃း၂၅ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခဦးမြသော်)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၆)**
၄း၁၀ Activities In the City [အ. မ. က (၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ]
၄း၂၅ ထာဝရရှင်သန်တောက်ပဆဲအနုပညာကြယ်ကြွေပွဲများ (သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီထွန်းထွန်းနိုင်) (အပိုင်း-၂)
၄း၅၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၅း၁၀ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့. . . (အပိုင်း-၁)
၅း၃၀ **MRTV-4** ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ အနုပညာမိုးကောင်းကင်
၆း၄၅ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ+ကျောက်စီပန်းချီ)
၇း၀၀ Fashion Music Festival (Romantic Couple-1)
၇း၃၅ ဈေးဝယ်လမ်းညွှန် (Cover Girl)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-Lဆိုင်းဇီ)
၈း၅၅ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၆)**
၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၂) ကလေးများနှင့်ကင်ဆာရောဂါ
၁၀း၂၅ Sports World
၁၀း၄၅ ထာဝရရှင်သန်တောက်ပဆဲအနုပညာကြယ်ကြွေပွဲများ (သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီထွန်းထွန်းနိုင်) (အပိုင်း-၂)
၁၁း၁၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "နတ်ဖက်တဲ့စုံတွဲများ"
၁၁း၃၅ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ+ကျောက်စီပန်းချီ)
၁၁း၅၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-Lဆိုင်းဇီ)
၁၂း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဧည့်သည်တော် လာအိုဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့တို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET တို့ လိုက်ပါလျက် ဇွန် ၂၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြရာ ပြင်ဦးလွင်တပ်နယ်မှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန (ပွေးတောင်ခြံ)ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးအမျိုးသားဥယျာဉ်သို့ သွားရောက်၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြင်ဦးလွင်တပ်နယ်မှူးက လာအိုဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေစံအိမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်သို့ ရောက်ရှိကာ ရတနာပုံမြို့သစ်ရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရတနာပုံတယ်လီပို့ ရှင်းလင်းဆောင်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းက ရတနာပုံမြို့သစ်အကြောင်း သိကောင်းစရာများနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မန္တလေးမြို့ရှုခင်းကို ကြည့်ရှုကြသည်။

ညပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ဧည့်သည်တော် ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လာအိုဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂၃ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြသည်။

ထို့နောက် မန္တလေးစက်မှုဇုန်သို့ ရောက်ရှိကြရာ ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အကြောင်း ရှင်းလင်းတင်ပြပြီး လာအိုဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော စက်မှုဇုန်ထုတ်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်၌ စက်ရုံများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)



သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် အင်္ဂပူမြို့နယ်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ လိုက်ပါလျက် ဇွန် ၂၀ ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်း အင်္ဂပူမြို့နယ် အမှတ်(၃၁) သစ်စက် (နန်ကသူ)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးအေးမြင့်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း သစ်လုံးခွဲစိတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၃၁) သစ်စက်

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် အင်္ဂပူမြို့နယ် အမှတ်(၃၁) သစ်စက် (နန်ကသူ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဒေါ်လွမ်းရီ(ခ) ဒေါ်အေးပုံအား ရည်စူး၍ ထိပ်တန်းမုန့်ဟင်းခါးဖို ဖအောင်ဝဲလမ်း ဒိုက်ဦးမြို့နေ ခင်ပွန်း ဦးကျော်လှိုင် မိသားစုက ဇဗုဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များစီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား၊ ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အစိုးရလိုလားသော အယ်လ်ခိုင်ဒါဆန့်ကျင်သမား ဆွန်နီပြည်သူ့စစ်ခေါင်းဆောင်နှစ်ဦးအပါအဝင် အနည်းဆုံး ကိုးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များနှင့် အဆက်အဆံရှိသူများ၊ မကြာသေးမီနှစ်များအတွင်းက အကြမ်းဖက်တိုက်ခိုက်မှု လျော့ကျသွားရာတွင် အဓိကစွမ်းဆောင်ခဲ့ကြသူများဖြစ်သည့် အစိုးရအရာရှိများနှင့်အတူ နီးကြားတက်ကြွသော ကောင်စီအဖွဲ့ဝင်များသည် မကြာခဏသောင်းကျန်းသူများ၏ ပစ်မှတ်ဖြစ်လာသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆွန်နီအများစုနေထိုင်သော ဒိုရာနယ်မြေတွင် နံနက် ၈ နာရီ၌ လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြင့် အင်္ဂါနေ့ အကြမ်းဖက်တိုက်ခိုက်မှုကို စတင်ခဲ့သည်။ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိတစ်ဦး၏ မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သော်လည်း ၎င်းတို့မှာ လွတ်မြောက်သွားပြီး လမ်းသွားလမ်းလာ အရပ်သားနှစ်ဦး သေဆုံးခဲ့ရသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ၃၅ မိုင်ကွာဝေးသော ဒီယာလာပြည်နယ်တွင် နိုးကြားတက်ကြွသော ကောင်စီအဖွဲ့ဝင်နှစ်ဦး၏ ကားအတွင်း၌ ဗုံးထောင်၍ ဖောက်ခွဲခြင်းကြောင့် ၎င်းခေါင်းဆောင်နှစ်ဦး သေဆုံးသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းနောက် နာရီအနည်းငယ်အကြာတွင် ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင် ၄၀ ခန့်အကွာရှိ ဖလူးဂျာမြို့တွင် အယ်လ်ခိုင်ဒါအဖွဲ့အား ဝေဖန်သူတစ်ဦးသည် ကားမောင်းနှင်နေစဉ် ဗုံးပေါက်ကွဲပြီး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်နှင့် မိုဆူးလ်တွင် ကားများကို ဗုံးထောင်တိုက်ခိုက်ရာ ငါးနှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် လေးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ကြေညာသည်။

၂၀၀၆-၂၀၀၇ ခုနှစ်များတွင် မျိုးနွယ်စုခေါင်းဆောင်များသည် နိုးကြားတက်ကြွသော ကောင်စီကိုဖွဲ့စည်း၍ အယ်လ်ခိုင်ဒါများကို ဆန့်ကျင်ခဲ့သည့်အချိန်မှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ကျလာသည်။ သို့သော် ယခုနှစ် မတ်လမှစ၍ ပြည်တွင်းနိုင်ငံရေး အကျပ်အတည်းကျရောက်လာပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ရဲတပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးနေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ပြည်နယ်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးသေဆုံး

ကန်ဒုဇ်(အာဖဂန်နစ္စတန်) ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်၌ ဇွန် ၂၂ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ပြည်နယ်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇွန် ၂၂ ရက်မွန်းလွဲပိုင်းတွင် စစ်သွေးကြွများက အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲမှုကြောင့် ပြည်နယ်ဆိုင်ရာ ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ ယင်းပေါက်ကွဲမှုသည် ကန်ဒုဇ်ပြည်နယ် မြို့တော်ရှိ ဈေးဆိုင်တစ်ဆိုင်အပြင်ဘက်၌ ဖြစ်ပွားခဲ့သည် ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟဲလ်မန့်ပြည်နယ်၌ မြေမြှုပ်ဗုံးပေါက်ကွဲ လူမျိုးစုအကြီးအကဲ သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

လာ့ချ်ကာဂါ့(အာဖဂန်နစ္စတန်) ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်တွင် စစ်သွေးကြွများထောင်ထားသော မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ရဲတပ်ဖွဲ့ကပြောကြားသည်။

အင်္ဂါနေ့မွန်းလွဲပိုင်းက ဂါရက်ခ်ခရိုင် ဈေးတစ်ခု၌ အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲမှုဖြစ်ပွားရာ လူမျိုးစုအကြီးအကဲတစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ယနေ့၌ပင် အိမ်နီးချင်းဇာဘူးပြည်နယ်၌ စစ်သွေးကြွများက ဒုံးကျည်ခြောက်စင်း ပစ်ခတ်ခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်၌ တာလီဘန်စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်တိုးမြှင့်လာခဲ့သည့်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ် မြို့တော်လာ့ချ်ကာဂါ့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိခဲ့သော အရပ်သားတစ်ဦးအား ဇွန် ၂၂ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင်သုံးဦး၊ ဆရာဝန်တစ်ဦးသေဆုံး

ကဘူး ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံတွင် အင်္ဂါနေ့၌ စစ်သွေးကြွများ၏ ဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် မြောက်အတ္တလန္တိတ် စာချုပ် အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ပြည်နယ် ကျန်းမာရေးဌာန အကြီးအကဲသည် ၎င်း၏ကိုယ်ပိုင်ဆေးခန်း၌ ဗုံးပေါက်ကွဲရာ သေဆုံးသွားခဲ့သည်။

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း နေတိုးကပြောကြားသည်။ အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်းမပြုပေ။

ဟဲလ်မန့်ပြည်နယ်တောင်ပိုင်း ဆန်ဂျင်းခရိုင်တွင် ဖြစ်ပွားသောတိုက်ပွဲ၌ တော်ဝင်မရိန်းကွန်မန်ဒိုတပ်ဖွဲ့မှ တစ်ဦးသေဆုံးကြောင်း ယင်းတပ်ဖွဲ့မှ နောက်တစ်ဦးသည် တနင်္လာနေ့ စန်ကျင်ခရိုင် ဗုံးပေါက်ကွဲမှုတွင်သေဆုံးခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက ကြေညာသည်။ ကန်ဒုဇ်ပြည်နယ် ကျန်းမာရေးဌာနအကြီးအကဲ ဒေါက်တာအဇီဇူလာဆာဖာရီသည် ဒုတိယထပ်ရှိ ၎င်း၏ဆေးခန်းသို့ လှေကားမှတစ်ဆင့် တက်ရောက်ရာ လမ်းခုလတ်၌ ဗုံးပေါက်ကွဲ၍ သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာနမှ ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်တို့ ယခင်ကထက် ပိုမိုသေစေရန် တိုက်ခိုက်မည်ဟု အယ်လ်ခိုင်ဒါသတိပေး

ကိုင်ရို ဇွန် ၂၃

ယခင်က တိုက်ခိုက်မှုများတွင် အမေရိကန်တို့ သေဆုံးခဲ့ကြသော အရေအတွက်ထက် ပိုမိုသေဆုံးစေမည့် တိုက်ခိုက်မှုအသစ်များကို စစ်သွေးကြွများက စတင်ဖွယ်ရှိကြောင်း အမေရိကန်ဖွား အယ်လ်ခိုင်ဒါအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာဒါန်ဂါဒန်က သမ္မတဘာရက်အိုဘားမားကို တနင်္ဂနွေနေ့၌ သတိပေးလိုက်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေးရယူရန်အတွက် အယ်လ်ခိုင်ဒါအဖွဲ့၏ လိုလားချက်များကိုလည်း ၎င်းက ပြောကြားခဲ့သည်။ ၎င်းတို့လိုလားချက်များတွင် အစ္စရေးနိုင်ငံကို အကူအညီပေးမှုများ ဖြတ်တောက်ရန်နှင့် အာဖဂန်နစ္စတန်မှ တပ်ဖွဲ့များအား ရုပ်သိမ်းသွားရန်တို့ပါဝင်သည်။

အယ်လ်ခိုင်ဒါအဖွဲ့ ရှုံးနိမ့်ခဲ့မည်ဆိုလျှင်သော်မှ သန်းပေါင်းရာနှင့်ချီသော စစ်သွေးကြွများက အမေရိကန်ကို ဆက်လက်တိုက်ခိုက်ကြမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၂၀၀၇ ခုနှစ်က သမ္မတတာဝန်ထမ်းဆောင်နေသူ ဂျော့ဒဗလျူဘုရှ်ထံသို့ ရန်လိုမှုများ အဆုံးသတ်ရန်အတွက် အယ်လ်ခိုင်ဒါအဖွဲ့က ၎င်းတို့လိုလားချက်များကို ပြောကြား၍ ကမ်းလှမ်းခဲ့ဖူးသည်။

ဂါဒန်ကို အက်ဖ်ဘီအိုင်က ၂၀၀၄ ခုနှစ်ကတည်းက အလိုရှိနေခဲ့ပြီး ဖမ်းဆီးအပြစ်ပေးရန်အတွက် သတင်းပေးနိုင်သူအား ဆုငွေဒေါ်လာတစ်သန်း ချီးမြှင့်မည်ဟု ကြေညာထားသည်။ ဂါဒန်ကို အဇုန်အယ်လ်အမ်ရီကီဟု လူသိများသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၉၆၇ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၉၁၆၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၁၉၆၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၉၁၆၃ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှ စတင်ပြီး ဇွန် ၂၃ ရက်အထိသေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၂၄ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၄၅၇ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၉၂၄ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၄၅၇ ဦး

အင်တာနက်။

မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းယှက်

ခင်မောင်ထွန်း (လမ်းမတော်)

၂၀၁၀ ခုနှစ် ဇွန်လ ၂၆ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသည် လူမျိုးကိုအညွန့်တုံးစေနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံအလိုက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မူးယစ်ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်တိုက်ဖျက်နေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့(မူးယစ်ဗဟိုအဖွဲ့)သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကိုဂုဏ်ပြု၍ ယခင်နှစ်များနည်းတူ (၁၃)ကြိမ်မြောက် မူးယစ်ဆန့်ကျင်ရေးပညာပေး ဝတ္ထုတို၊ ကဗျာ၊ဆောင်းပါး၊ကာတွန်း၊ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ၊ တေးသီချင်း စသည့်ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးကို ကျင်းပပေးခဲ့ပါသည်။

မူးယစ်ဆေးစွဲရောဂါသည် "အဖန်တလဲလဲ ပြန်လည်စွဲကပ်တတ်သော နာတာရှည်ရောဂါ" (CHRONIC RELAPSING DISEASE) ဟု ဆိုပါသည်။ ဆေးစွဲရောဂါပျောက်ကင်းအောင် ကုသနိုင်ရေးအတွက် အမျိုးမျိုးတီထွင်အသုံးပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးစွဲကုဌာနများက ဆေးကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဌာနက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ရွှေပြည်သာနှင့် ရွှေပြည်အေးလူငယ်ပြုပြင်ရေးစခန်းများဖြင့် စဉ်ဆက်မပြတ် ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သော "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း" ကလည်း စတင်ဖွဲ့စည်းချိန်မှစ၍ မူးယစ်ဆေးဝါးအလွဲသုံးမှုကာကွယ်ရေး လုပ်ငန်းအဖြစ် ကျောင်းသားနှင့် လူငယ်များအပါအဝင် လူထုများအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ ဆင့်ပွားအသိပညာပေးသင်တန်းများ၊ ပညာပေးပြခန်းများ၊ သုတေသနလုပ်ငန်းများ၊ အန္တရာယ်လျှော့ချမှုဆိုင်ရာလုပ်ငန်းများကို ရည်ရွယ်ချက်တူအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာကွယ် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဇွန်လ ၂၆ရက်နေ့တွင်ကျရောက်မည့် နိုင်ငံတကာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တစ်နိုင်ငံလုံးရှိ လူငယ်ထုက မူးယစ်ဆေးဝါးအန္တရာယ်ကို ဆန့်ကျင်ဖော်ထုတ်မည့် အင်္ဂလိပ်၊ မြန်မာကျပန်းစကားပြောပြိုင်ပွဲနှင့် လူငယ်ကဗျာရွတ်ဆိုပြိုင်ပွဲများကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆန့်ကျင်ရေးအသင်းရုံးချုပ်၌ ကျင်းပမည်ဖြစ်ပါသည်။

ကျပန်းစကားပြောပြိုင်ပွဲများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် နှစ်ဘာသာပြိုင်ပွဲများ နှစ်စဉ်ကျင်းပခဲ့၍ လူငယ်ထုအတွင်း မိမိဝင်ပြိုင်ရမည့် ခေါင်းစဉ်ဖြင့် ကိုက်ညီမှုရှိအောင် စာအုပ်၊စာစောင်များတွင် အချက်အလက်များ ရှာဖွေဖတ်ရှုပြုစုကြရ၍ ဗဟုသုတတိုးပွားစေသည့်အပြင် နိုင်ငံတကာနှင့် ယှဉ်နိုင်သော အသိနှင့် အတတ်ပညာရရှိစေခဲ့ပါသည်။ ၂၀၀၈ ခုနှစ်က အာဆီယံနိုင်ငံများ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းကြီးက ဘရူနိုင်းနိုင်ငံ၌ကျင်းပခဲ့သော မူးယစ်ဆေးဝါးဆန့်ကျင်ရေး လူငယ် "ကျပန်းစကားပြောပြိုင်ပွဲ"သို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ လူငယ်အဖွဲ့ဝင် ဆေးတက္ကသိုလ်ကျောင်းသူ မဆုဝင်းထိုက်ကို အဆင့်ဆင့်ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ အာဆီယံ ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံကိုယ်စားပြု မဆုဝင်းထိုက် တတိယဆုရရှိခဲ့ပြီး နိုင်ငံ၏ဂုဏ်ကို ဆောင်နိုင်ခဲ့ပါသည်။

ဘိန်း၏အရင်းအမြစ်မှာ ဥရောပမြေထဲပင်လယ်မှဖြစ်ပါသည်။ ၁၅၈၀ ပြည့်နှစ်တွင် ပေါ်တူဂီကုန်သည်များနှင့် အီတလီလူမျိုး'ဆီဖက်ဒရစ်'ဆိုသူက ဘိန်းကိုစတင်ရောင်းချခဲ့ကြောင်း၊ ၁၆၃၀ ပြည့်နှစ် ဒတ်ချ်ကုမ္ပဏီ၏ မှတ်တမ်းအရ မလက္ကာမြို့မှ နှစ်စဉ်ဘိန်းပေါင်ချိန် ၂၀၀ကို ကုန်သည်များမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ယူဆောင်ရောင်းချခဲ့ကြောင်း၊ ဘိန်းမှ မော်ဖင်း၊ ဟဲရိုးအင်းထုတ်လုပ်မှုကိုလည်း ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က စတင်တီထွင်ထုတ်လုပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ရောင်းချမှု၊ အလွဲသုံးစားမှုများကို ခေတ်အဆက်ဆက်တွင် ဥပဒေ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်း၍ ထိရောက်သောအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဘိုးတော်ဘုရား(ခေါ်)ပဒုံမင်း ၁၇၈၂-၁၈၁၉ လက်ထက်တွင် ဘိန်း၊ ဘင်း၊ ကစော်၊ လျှော်စာ၊ အရက်ဟူ သော ယစ်မျိုးငါးပါးကို သုံးစွဲခြင်းမပြုရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။ သုံးစွဲခဲ့သည်ရှိသော် ပထမအကြိမ်ခံဝန်ချက်လုပ်၊ ဒုတိယအကြိမ်အဆင့်တွင် 'အဆုံးစီရင်'သည်အထိ အရေးယူထိန်းချုပ်ခဲ့ပါသည်။

သီပေါမင်း ၁၈၇၅-၁၈၈၅ လက်ထက်တွင်လည်း ယစ်မျိုးငါးပါး ဥပဒေကို ဘိုးဘော်ဘုရားခေါ် ပဒုံမင်းလက်ထက်ကကဲ့သို့ပင် ထိန်းချုပ်မှု အမိန့်ထုတ်ခဲ့သည့်အပြင် အုပ်ချုပ်မှုကိုထိရောက်စေရန်အတွက် မြို့ရွာအုပ်ချုပ်သူများအထိ အာဏာအပ်နှင်းပေးခဲ့ပါသည်။

တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်၌ ၁၉၇၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် မူးယစ် ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် တိုက်ဖျက်ရန် ဗဟိုလုပ်ငန်းအဖွဲ့ကြီးဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့တပ်မတော်သည် မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးများကို ၁၉၇၅ ခုနှစ်မှစတင်၍ စဉ်ဆက် မပြတ်ဆင်နွှဲခဲ့ပြီး အရာရှိ၊ အကြပ်၊ တပ်သား၊ စစ်သည်များစွာ အသက်ပေးဆပ်ခဲ့ရပါသည်။

၁၉၇၅ မှ ၁၉၇၆ ထိ မဲလုံး၊ တောင်ထိပ်ပန်း၊ ဇင်နူး၊ အောင်ကျော်မိုး၊ ဟောမန်ဦး၊ အောင်မိုးဟိန်း၊ ရဲမင်းအောင်၊ လေးမာန်အောင်၊ မိုးဟိန်း(၁)။

၁၉၇၇ ခုနှစ်တွင် မိုးဟိန်း(၂) (၃)၊ ပေါက်ပန်း၊ ချင်းဒေသန္တရ ကောက်ရိုးခြေထောက်၊ မြက်ခြေထောက်၊ မရဏ၊ ငှက်ကြီးတောင်။

၁၉၇၈ မှ ၁၉၈၈ ထိ မိုးဟိန်း(၄) မှ (၁၂)အထိ၊ တောင်ရန်ရှင်း(၁) မှ(၄)အထိ၊ အဓိကဘိန်းစိုက်ရာဒေသများတွင် ရောင်စုံသောင်းကျန်းသူများအား အကာအကွယ်ယူကာ စိုက်ပျိုးရောင်းချနေခဲ့ကြ၍ မြန်မာ့တပ်မတော်က စစ်ဆင်ရေးများပြုလုပ်ရှင်းလင်းနှိမ်နင်းခဲ့ရပါသည်။ ဘိန်းများ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများကိုလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဌာန၊ အာဏာပိုင်အဖွဲ့အစည်းများက အမြဲမပြတ်ဖမ်းဆီး ဖော်ထုတ်လျက်ရှိပါသည်။

နိုင်ငံတော်က "မူးယစ်ကင်းစင်သော မြန်မာနိုင်ငံတော်ကြီး" အဖြစ် ရောက်ရှိစေရန် ပြည်သူလူထုတစ်ရပ်လုံးပါဝင်မှုဖြင့် "အမျိုးသားရေး" တာဝန်ကြီးတစ်ရပ်ချမှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက တာဝန်ရှိသူများနှင့် လက်တွဲ၍ပူးပေါင်းတိုက်ဖျက်သွားကြရန်နှင့် သုံးစွဲမှုများကို ပညာပေးဖော်ထုတ်၍ သုံးစွဲမှုလျှော့ချရေး၊ သုံးစွဲမှုမပြုစေရေးအတွက် ပညာပေးဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ရှောင်လေဝေးဝေး မူးယစ်ဆေး

❖ မူးယစ်အစ၊ ဆေးလိပ်ကတည့်
ဘဝမြစ်ပြင်၊ စူးစမ်းချင်၍
မမြင်ကွယ်ရာ၊ ဆေးလိပ်ဖွာ၏။
❖ ဖွာရာမှစွဲ၊ နှစ်သက်ကဲ၍
အမြဲတောက်လျှောက်၊ ဆေးလိပ်သောက်၏။
❖ သောက်ရာမှရင့်၊ အဆင့်မြင့်သော်
အတင့်ရဲရဲ၊ ပေါင်းသင်းလွဲ၍
ဆင့်ကဲမနှေး၊ မူးယစ်ဆေးကို
သေဘေးမမြင်၊ စားသုံးချင်၏။
❖ ဆင်ခြင်မဲ့ဆုံး၊ အလွဲသုံး၍
လူလုံးမလှ၊ စီးပွားကျလျက်
ခနကင်းကွာ၊ မကျန်းမာသော်
သေရွာနှင့်နီး၊ သောကကြီး၏။
❖ ပူမီးထွေထွေ၊ လောင်မြိုက်နေစဉ်
ရင်တွေတုန်ယင်၊ သေလိုက်ချင်ပေ့ါ
ပေါ်လွင်ပြစ်ပေး၊ မူးယစ်ဆေးကြောင့်
ရှောင်ပြေးမရ၊ ထောင်တန်းကျ၏။
❖ ဘဝလည်းတုံး၊ လူဖြစ်ရှုံး၍
အသုံးမကျ၊ ဆင်းရဲလှသည့်
ဒုက္ခစုံပေး၊ မူးယစ်ဆေးကို
ဝေးစွာရှောင်လို့၊ တိုက်ဖျက်စို့။ ။

ပန်းတောင်းသန်းကြွယ်



ငွေစာရင်းဝန်ထမ်းများ အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ငွေစာရင်းဝန်ထမ်းများ၏ အလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီး ဦးဖေသန်းက အလုပ်ရုံဆွေးနွေးပွဲများတွင် ပြည်နယ်၊ တိုင်းအသီးသီးမှ ဝန်ထမ်းများတွေ့ဆုံရ၍ မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ ဒေသအလိုက် လုပ်ဆောင်မှုများကို အသီးသီးဝိုင်းဝန်း ဆွေးနွေးပြီး ဝန်ထမ်းတစ်ဦးချင်း အရည်အသွေး တိုးတက်ရေးအတွက် လုပ်ငန်းအားတက်အောင် သင်ကြားရန်နှင့် ဌာနအကျိုး၊ နိုင်ငံတော်အကျိုး တိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရေးမှာကြားခဲ့သည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၂၃

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်)၏ (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဓနုဖြူမြို့နယ်အသင်းရုံးခန်း၌ ကျင်းပမည်ဖြစ်ရာ ဦးလှမြင့်(ရွှေဟသ်ာ) အမှတ်(၁၂၁) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၅၂၇၉၃ထံ လှူဖွယ်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဈေးအနောက်လမ်းဘေး ရေမြောင်းများကို ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းရှင်းလင်းရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးလှိုင်လှိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

အမှတ်(၂) စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည် စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများပြပွဲ၌ ခင်းကျင်းပြသထားသော ပစ္စည်းများကို ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့်ပစ္စည်းများပြပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်သော ဘက်ထရီခြောက်များ၊ ပြုပြင်ထိန်းသိမ်းရန်မလိုအပ်သည့် သက်တမ်းကြာရှည်ခံ ဘက်ထရီများ၊ LED မီးသီးအမျိုးမျိုးနှင့် တပ်ဆင်ထုတ်လုပ်နေသည့် Controller နှင့် Inverter များ ပြပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါပြပွဲသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးအုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း သတင်းဂျာနယ်များမှ တာဝန်ခံများ၊ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြသထား

ပြပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် Myanmar Double Cab မော်တော်ကား၊ Myanmar Single Cab မော်တော်ကား၊ Sport Utility Vehicle (SUV) မော်တော်ကား၊ Myanmar Station Wagon (MSW) မော်တော်ကား၊ Myanmar Micro Bus (15-Seater) မော်တော်ကား၊ Myanmar Mini Bus (29-Seater) မော်တော်ကား၊ Pathfinder မော်တော်ကား၊ Estate Wagon Jeep မော်တော်ကားများကိုလည်းကောင်း နေရောင်ခြည်စွမ်းအင်သုံး (Solar) ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်သော ဘက်ထရီခြောက်များ၊ ပြုပြင်ထိန်းသိမ်းရန် မလိုအပ်သည့် သက်တမ်းကြာရှည်ခံ ဘက်ထရီများ၊ LED မီးသီး အမျိုးမျိုး၊ တပ်ဆင်ထုတ်လုပ်နေသည့် Controller နှင့် Inverter များကို ပြသထားသည်။

အရည်အသွေးကောင်းမွန်

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ယခုအသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်အမျိုးမျိုးသည် အများပြည်သူများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ခြင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူနိုင်ရန်အတွက် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရောင်းချရန်စီမံ

အဆိုပါ မော်တော်ယာဉ်များကို မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်) နှင့် အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(ထုံးဘို)တို့မှ ထုတ်လုပ်လျက်ရှိပြီး နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီး ဌာနရုံး အရောင်းဌာနနှင့် အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)တို့တွင် ရောင်းချပေးရန် စီမံလျက်ရှိကြောင်း သိရသည်။

နေရောင်ခြည်စွမ်းအင်

ထို့အပြင် နေရောင်ခြည်စွမ်းအင်သုံး Solar ဖြင့် ဆက်စပ်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဒေသအနှံ့ရှိ အများပြည်သူများ အသုံးပြုနိုင်စေရန် အတွက် ရည်ရွယ်ပြီး ယခု Solar System Package များကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ပြီး Power အမျိုးမျိုးရှိသည့် Solar Complete Set နှင့် Solar Street Light များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးထားသည့်အတွက် မြို့ပြနှင့် ကျေးလက်နေပြည်သူများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ရုံးဌာနများ၌ တွင်ကျယ်စွာ အသုံးပြုနိုင်သည်။

ကုန်ကျစရိတ်သက်သာ

လျှပ်စစ်ဓာတ်အား မရရှိသေးသော ဒေသများအနေဖြင့် အန္တရာယ်ကင်းစွာဖြင့် နေရောင်ခြည် စွမ်းအင်သုံး Solar System မှ အလင်းရောင်ကို ရယူသုံးစွဲနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလျက်ရှိသည့် ပြည်သူများအနေဖြင့်လည်း Solar System ကို ဖြည့်စွက်အသုံးပြုခြင်းအားဖြင့် ရေရှည်တွင် ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက်လည်း အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

လွယ်ကူမှုရှိ

မြန်မာနိုင်ငံ၏ ရာသီဥတုအနေဖြင့် တစ်နှစ်ပတ်လုံး နေစွမ်းအင်ကို ရရှိသည့်အတွက် အများပြည်သူများအနေဖြင့် လွယ်ကူမှုရှိပြီး နေရောင်ခြည်စွမ်းအင်ကို အပြည့်အဝ အသုံးပြုစေရန် ရည်ရွယ်ချက်ဖြင့် ယခု Solar System Package များကို ထုတ်လုပ်နေခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားမရရှိသော ဝေးလံသည့်ဒေသများတွင် ကျေးလက်ဒေသသုံးအနေဖြင့် 3 Watt Energy Saving မီးသီး ရှစ်လုံး (သို့မဟုတ်) 5 Watt Energy Saving မီးသီး လေးလုံးပါဝင်သည့် 21 Watt Solar Package တစ်စုံကို ငွေကျပ် ၁၇၅၀၀၀ ဈေးနှုန်းဖြင့် လည်းကောင်း၊ မြို့ပြတွင်လည်းအသုံးပြုနိုင်သည့် 3 Watt Energy Saving မီးသီး ၁၂ လုံး (သို့မဟုတ်) 5 Watt Energy Saving မီးသီးရှစ်လုံး (သို့မဟုတ်) 7 Watt Energy Saving မီးသီးခြောက်လုံး ပါဝင်သည့် 40 Watt Solar Package တစ်စုံကို ငွေကျပ် ၂၇၀၀၀၀ ဈေးနှုန်းဖြင့် လည်းကောင်း၊ လုံခြုံရေးမီးနှင့် လမ်းမီးများအဖြစ် အသုံးပြုနိုင်သော 3 Meter အရှည်ရှိသည့် 10 Watt Street Light တစ်တိုင်ကို ငွေကျပ် ၂၉၅၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ 6 Meter အရှည်ရှိသည့် 25 Watt Street Light တစ်တိုင်ကို ငွေကျပ် ၆၀၀၀၀၀ ဈေးနှုန်းဖြင့် လည်းကောင်း အများပြည်သူများ အသုံးပြုနိုင်အောင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ဈေးနှုန်းချိုသာ

ထို့ပြင် Solar Home System Package ကို 1000 Watt မှ 5000 Watt အထိ အမျိုးအစားအလိုက် လုပ်ငန်းအပ်နှံပါက ဈေးနှုန်းချိုသာစွာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အပ်နှံသည့် Watt အမျိုးအစားအရ နေအိမ်များတွင် ရုပ်မြင်သံကြား၊ အိမ်သုံးမီး၊ ပန်ကာတို့အပြင် လေအေးပေးစက်၊ ရေခဲသေတ္တာနှင့် ရေစက်တို့တွင်ပါ အသုံးပြုသွားနိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✦

အမှတ်(၂) စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည် စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများပြပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် မော်တော်ယာဉ်အချို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေရောင်ခြည်စွမ်းအင်

အမှတ်(၂) စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည် စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့်ပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသထားသော နေရောင်ခြည်စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

✦ စာမျက်နှာ ၆ မှ

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး Solar ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများ အပြင် Solar ပြား 21Watt မှ 185 Watt Solar ပြားများကို မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း တောင်ဒဂုံစက်မှုဇုန်ရှိ စက်ရုံတွင် Solar ပြားထုတ်လုပ်မှု စက်ပစ္စည်းများ တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

LED မီးသီးများကိုလည်း ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ LED မီးသီးထုတ်လုပ်မှု အလုပ်ရုံမှ ၂၀၀၈ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် ၂၄ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမှတ်(၂) စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများ ပြပွဲတွင် ခင်းကျင်းပြသထားသော ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးညာဏ်ထွန်းအောင်အား ယူကရိန်းနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညာဏ်ထွန်းအောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Markiian Chuchuk နှင့် အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ)ဦးတင်ဌေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးဝင်းခန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညာဏ်ထွန်းအောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Markiian Chuchuk နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကျေးလက်ဒေသ ကျေးလက်ကျန်းမာရေးဌာနအသစ် ၂၄ ခု လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသို့ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ဂျပန်နိုင်ငံအစိုးရ Official Development Assistance တို့က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကျေးလက်ဒေသများ၌ အသစ်တည်ဆောက်ထားသည့် ကျေးလက်ကျန်းမာရေးဌာနအသစ် ၂၄ ခု လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူး Mr. Mitsuji Suzuka နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့က လှူဒါန်းရခြင်းအကြောင်းကို ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် Mr. Ramesh Shrestha က အသစ်ဆောက်လုပ်ပြီးစီးသည့် ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ခု တို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနများသည် နာဂစ်မုန်တိုင်းကြောင့် သက်ရောက်မှုများကို ပြန်လည်ထူထောင်သည့်နေရာတွင် အထောက်အပံ့ပေးရုံသာမက ရေရှည်တွင် ရောဂါဘယဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းလျှော့ချမှုကို အထောက်အကူပေးနိုင်ရန် ဆောက်လုပ်လွှဲပြောင်းပေးအပ်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ပိုင်ဈေးရှိ မီးဘေးကာကွယ်ရေးပစ္စည်းများ၊ လျှပ်စစ်ဝါယာကြိုးလိုင်းများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ဂျပန်နိုင်ငံအစိုးရ Official Development Assistance တို့က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကျေးလက်ဒေသများ၌ အသစ်တည်ဆောက်ထားသည့် ကျေးလက်ကျန်းမာရေးဌာနအသစ် ၂၄ ခု လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် ဇွန် ၂၃

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ကျင်းပရာ ဇေယျာသီရိမြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အမှာစကား ပြောကြားပြီး နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ထင်ကျော်က ဗီဒီယိုကားချပ်များဖြင့် အသိပညာပေး ဟောပြောဆွေးနွေးပြီး အဆိုပါဟောပြောပွဲသို့ ပြည်သူ ၂၅၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ) (ကြေးမုံ)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းထွန်းနှင့်အဖွဲ့ ဝန်ထမ်းများက မြို့သန့်ရှင်းသာယာလှပရေး၊ ပန်းအလှပင်များစိုက်ပျိုးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဦးတင်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေ၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ယခုလ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဘူးသီးတောင်နှင့် မောင်တောဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေ၊ ရေကြီးမှုနှင့် မြေပြိုမှုဖြစ်စဉ်အတွင်း လူနှင့်တိရစ္ဆာန်သေဆုံးမှု၊ ရေကြီးနစ်မြုပ်သော အိမ်ထောင်စုနှင့် လူဦးရေ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ ကျန်းမာရေးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံအချို့ ပျက်စီးမှု၊ တာတမံနှင့် ဘူးသီးတောင်-မောင်တော လမ်းပိုင်း၌ လမ်းနှင့် တံတားများ ပျက်စီးမှုအခြေအနေနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြန့်ဝေထောက်ပံ့

ထို့နောက် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေက အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေမြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးရေးအတွက် မျိုးစပါးများ အပါအဝင် လိုအပ်ပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ကျောင်းများ ပြန်လည်တည်ဆောက်ရေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ လမ်းတံတား လုပ်ငန်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုနှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ဆန်များ ဖြန့်ဝေထောက်ပံ့ပေးနေမှု၊ ဝန်ကြီးဌာနများနှင့် စေတနာရှင် ပြည်သူများက ကယ်ဆယ်ရေး ပစ္စည်းများ အချိန်မီ ဖြန့်ဝေထောက်ပံ့ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းရာ တိုင်းမှူးနှင့် ဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံအများအပြား၌ အပူရှိန်လွန်ကဲခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ အင်အားပြင်းထန်သော ငလျင်များ ဖြစ်ပေါ်ခြင်းများ ကြုံတွေ့နေရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ် မေလဆန်းပိုင်း၌ ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံသမိုင်းတွင် မကြုံစဖူး ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ် ဖြစ်ကြောင်း၊ လူသေဆုံးမှုများ အပါအဝင် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည့်တိုင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်အင်အား သုံးရပ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အချိန်တိုအတွင်း မူလအနေအထားထက် သာလွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွေ့အကြုံကောင်းများ မိမိတို့တွင် ရှိထားပြီးဖြစ်ကြောင်း။

ယခု ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးနစ်မြုပ်မှုများသည် ရခိုင်ပြည်နယ် နေရာအနှံ့အပြားတွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ နေရာဒေသအချို့တွင်သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၍ မိမိတို့ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းများ နိုင်နင်းစွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အဆင့် (၃) ဆင့်ဖြစ်သည့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သော လတ်တလော စားဝတ်နေရေး၊ ဆေးဝါးကုသ စောင့်ရှောက်ရေး၊ အမိုးအကာ အောက် ရောက်ရှိရေး၊ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း

ပေးအပ်…

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိ… ကျေးရွာ အခြေခံပညာမူလတန်းကျောင်… သွားသော မူလတန်းကျောင်းများအတ… စာရေးကိရိယာများကို ပေးအပ်လှူဒါန်…

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာကြားရှိ ရထားလမ်း ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

- ❑ **နောင်ကာလများတွင် သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အရံအတားများ၊ လုပ်ငန်းစဉ်များနှင့် အစီအမံများကို စီမံချက်ပါအတိုင်း စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်။**
- ❑ **ဒေသခံပြည်သူများအနေဖြင့် ရာသီဥတု၊ အချိန်ပေါ်မူတည်၍ ဆောင်ရွက်ရသော စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် မျိုးစပါး၊ ကျွဲ၊ နွား၊ ထွန်ယက်ကိရိယာ စသည်များကို သင့်လျော်သလို ထောက်ပံ့ဖြည့်ဆည်း ပေးသွားမှာဖြစ်။**
- ❑ **ပြည်သူများအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေးအသိများ၊ ကြိုတင်ဆောင်ရွက်ထားသင့်သည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပညာပေး နှိုးဆော်သွားရန် လိုအပ်။**

ဖြစ်ပေါ်ခဲ့ရသည့်တိုင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်အင်အား သုံးရပ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အချိန်တိုအတွင်း မူလအနေအထားထက် သာလွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွေ့အကြုံကောင်းများ မိမိတို့တွင် ရှိထားပြီးဖြစ်ကြောင်း။

ယခု ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးနစ်မြုပ်မှုများသည် ရခိုင်ပြည်နယ် နေရာအနှံ့အပြားများဖြစ်သည့် ပျက်စီးသွားသော အိုးအိမ်၊ လမ်းတံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နောင်ကာလများတွင် သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အရံအတားများ၊ လုပ်ငန်းစဉ်များနှင့် အစီအမံများကို စီမံချက်ပါအတိုင်း စနစ်

ယခုအချိန်သည် မိုးဦးကျကာလသာ ရှိနေသေး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး အသိများ၊ ကြိုတင် ဆောင်ရွက်ထားသင့်သည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပညာပေး နှိုးဆော်သွားရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် စစ်တွေမြို့မှ ထွက်ခွာလာပြီး ပုဏ္ဏားကျွန်းမြို့နယ် ပုဏ္ဏားကျွန်းဘူတာသို့ ရောက်ရှိကြသည်။

ကျောက်တော်အကြားရှိ ယိုးချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းခွင ရေနစ်မြုပ်မှုနှင့် ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ နောင်ကာလများတွင် ထပ်မံ၍ ရေကြီးမှု၊ ရေတိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး ရထားလမ်း တာပေါင်များ ပျက်စီးမှု မရှိစေရေးအတွက် နှစ်စဉ် ရေကြီးမှု ဖြစ်ပေါ်နိုင်သည့် နေရာများတွင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးရထားဖြင့် ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာအကြားရှိ ရထားလမ်းပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ရထားပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းမြို့နယ် ယာချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာအုပ်စုအတွင်းရှိ ပျက်စီးသွားသော မူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်-စစ်တွေ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပုဏ္ဏားကျွန်းမြို့မှ ပြန်လည်ထွက်ခွာလာပြီး ဦးရဇ်တောင်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့နယ် ယာချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ကျေးရွာအုပ်စုအတွင်းရှိ ပျက်စီးသွားသော မူလတန်းကျောင်းများအတွက် ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြရာ ပုဏ္ဏားကျွန်းမြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က လက်ခံကြသည်။

လေ့ကျင့်သင်ကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာ၊ ဆရာမများသည် ကျောင်းသားကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ ပညာရပ်များ တတ်မြောက်အောင် သင်ကြားပေးရုံသာမက တစ်ဦးချင်း စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ စည်းကမ်းကောင်းမွန်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးတို့အတွက် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညနေပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

တွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ နေရာဒေသအချို့တွင်သာ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်၍ မိမိတို့ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းများ နိုင်နင်းစွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အဆင့် (၃) ဆင့်ဖြစ်သည့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သော လတ်တလော စားဝတ်နေရေး၊ ဆေးဝါးကုသ စောင့်ရှောက်ရေး၊ အမိုးအကာအောက် ရောက်ရှိရေး၊ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတကျ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရာသီဥတု၊ အချိန်ပေါ်မူတည်၍ ဆောင်ရွက်ရသော စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် မျိုးစပါး၊ ကျွဲနွား၊ ထွန်ယက်ကိရိယာ စသည်များကို သင့်လျော်သလို ထောက်ပံ့ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနေမှုများအပြင် နိုင်ငံတော်အပိုင်းက ထပ်ဆင့်ပံ့ပိုးကူညီသွားမှာ ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပြည်တော်သာ-ရေချမ်းပြင် လမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားလမ်းတာပေါင် ပျက်စီးမှု အခြေအနေ၊ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းတာပေါင် ပျက်စီးမှုနှင့် ရထားလမ်းအမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ယိုးတရုတ်-

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းမြို့နယ် ဦးရဇ်တောင်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးကဗျာ မိုးအလှ

❍ ရွာစွေတဲ့ ရွာစွေ။
မိုးငွေရည် ပုလဲစက်
ကြဲပက် ရွာစွေ။
အုံးအင်ဘွဲ့ လက်ဆောင်ဝေ
အမွှန်ဆွေ ခေါ်တဲ့တေး။
ရွှေ့ပတ်ချာ တက်ရေဝိုင်း
ဖျိုင်းအုပ်က ဖွေး။

❍ လာလေတဲ့ လာလေ။
လွယ်အိတ်လွယ် ခမောက်ဆောင်း
ကျောင်း တက်စို့လေ။
က ကာ ကား တေးသီခြွေ
စာအမွေ ရှာဖွေလေ့။
ကျောင်းဆင်းလျှင် ရိုးစပ်ကွင်းမှာ
ငါးရှာရင်း ပုစွန်နှိုက်
နှစ်ခြိုက် ပျော်မွေ့။

❍ ဖြာဝေတဲ့ ဖြာဝေ။
လယ်ပြင်ကျယ် ရေဖွေးဖွေးမှာ
ထွန်ရေးငင် လယ်သမား
အားသစ် ဖြာဝေ။
မွန်းတည့်ချိန် ထွန်ဖြုတ်လို့
ထမင်းထုပ် ကိုယ်စီဖြေ
ငါးပိရည် ချိုချိုမွှေး။
လက်ချင်းဆုံ ချက်ချင်းကုန်ရဲ့
ရွက်ကင်းပုံ ဖားပေါင်စင်းနှင့်
ဗိုက်တင်းအောင် လွေး။

❍ ယာမြေတဲ့ ယာမြေ။
ကောက်ပင်ပျို ယိမ်းအက
စိမ်းမြ ယာမြေ။
အမောပြေ မြူချော့လို့
ကျူနော့တဲ့ ကိုပလွေ
ပျိုမေတို့ ငန်းဦး။
ရွှေတစ်နှံ ဆယ်ပြည် ထွက်စေ့မယ်
မှန်းချက်နှင့်မြူး။

❍ စာခွေတဲ့ စာခွေ။
မိုးကဗျာ မိုးအလှ
ခြယ်သ စာခွေ။
ပြည့်ရိက္ခာ စပါးရွှေ
ကြွားဝေအောင် စွမ်းပါကြ။
လုံ့လသန် ခေတ်အမြင်နှင့်
အပြုံးရှင် ရွှံ့စက်ကြားမှ
လုပ်အား အလှ။ ။

ဇော်မင်းမင်းဦး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အင်္ဂလိပ်ဇယမင်္ဂလ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀	၈။	အကပဒေသာ
၈း၂၀	၉။	"ပြဒါးသေတစ်ဆွေဝ သံသေတစ်ပြည်ဝ"
၈း၂၅	၁၀။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀	၃။	"စပါးကရွှေ ငါးကငွေ"
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၇။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅း၂၀	၈။	ရောင်စုံရေးသီတေးပန်းချီ
၅း၃၅	၉။	"ကမ္ဘာ့ဖလားပုံရိပ်များ" (အပိုင်း-၁)
၅း၄၀	၁၀။	Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ပျော်ရွှင်သောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၁၁) (ငြိမ်းချမ်း၊သူရလင်း၊စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသော ချစ်နှင်းဆီ" (ဒုတိယပိုင်း)(အပိုင်း-၁၀)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
၈း၂၀	၁၇။	**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပါရာဂွေးအသင်းနှင့် နယူးဇီလန်အသင်း)**
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒရော၊ သရုပ်ဆောင်-စိုးရန်အောင်၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၆)**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၄)**

၂၅-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၁း၀၀	၂၂။	**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒိန်းမတ်အသင်းနှင့် ဂျပန်အသင်း)**
	၂၃။	အစီအစဉ်ပြီး၏။

ငါးသယံဇာတထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြော

နေပြည်တော် ဇွန် ၂၃

ပဲခူးတိုင်း တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်လွင်ဝင်း ဦးဆောင်သောအဖွဲ့သည် ဇွန် ၄ ရက်တွင် တောင်ငူခရိုင် ထန်းတပင်မြို့နယ် မိချောင်းဂေါင်း၊ ရွာလေးကုန်း၊ မဲဘလံ၊ ယောက်သဝနှင့် ဘွားအေးစုကျေးရွာများအတွင်းရှိ အင်းသူကြီးများ၊ ရေလုပ်သားများအား တွေ့ဆုံ၍ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရေးအတွက် ငါးသယံဇာတများ ထိန်းသိမ်းရေး၊ ငါးရစ် ငါးသန်ကာလ ငါးမဖမ်းဆီးကြရေး၊ ဌာနမှ တားမြစ်ထားသော ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ ငါးဖမ်းခြင်းများ မပြုလုပ်ကြရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝိုင်းဝန်းကူညီ ပါဝင်ကြရေးဆိုင်ရာ အသိပညာပေး ဟောပြော၍ ရေလုပ်သားများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားသည်။ (ကြေးမုံ)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၁ ရက်တွင် တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်၊ သွင်းကုန်ကဏ္ဍနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်နှင့် အမှန်ဆောင်ရွက်နိုင်မှု လုပ်ငန်းအခြေအနေများ၊ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ပို့ကုန်၊ သွင်းကုန်ကဏ္ဍနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ကုန်သွယ်မှုပမာဏ မြှင့်တင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားပြီး မဲခေါင်မြစ်တစ်လျှောက် ဆိပ်ကမ်းအခြေအနေနှင့် ကုန်သွယ်ရေယာဉ်ကြီးများ သွားလာမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝမ်ပုံကျေးရွာတိုက်နယ်ဆေးရုံသို့ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား မေးမြန်းအားပေးစကား ပြောကြား၍ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ရော်ဘာစိုက်ပျိုးမှု

ထို့နောက် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ ရော်ဘာစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်ဌာနမှ မြို့နယ်တာဝန်ခံက တာချီလိတ်မြို့နယ်အတွင်း နှစ်အလိုက် ရော်ဘာစိုက်ပျိုးမှု အခြေအနေနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် ရော်ဘာစေးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ဒေသနှင့်ကိုက်ညီသော ရော်ဘာကို စနစ်တကျတိုးချဲ့ စိုက်ပျိုးကြရန်နှင့် ရော်ဘာကုန်ကြမ်းများအပြင် ကုန်ချောများထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးကြိုးစား ဆောင်ရွက်ကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၃

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက် လျှောက်ထားလျက်ရှိကြရာ မြို့တိုင်းရင်းသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇွန် ၂၃ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ(၄၂) ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၇)ပါတီအနက် ပါတီ (၃၃)ပါတီကို မှတ်ပုံတင်ခွင့် ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ဘောနက်ကြီးရဲစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးတစ်လျှောက်ရှိ ရဲစခန်းများ ဝန်ကြီး ဦးမောင်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၂ ရက်တွင် နေပြည်တော်-ရန်ကုန် အမြန်လမ်းတစ်လျှောက်ရှိ ရဲစခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရဲစခန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆောင်ရွက်ရန် အသေးစိတ် မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ဘောနက်ကြီးရဲစခန်းနှင့် ဖြူးရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကြိမ်(၂၀)မြောက် ရဲချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်အမှာစကားပြောကြားပြီး စစ်တုရင်အရုပ်ကိုရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့၊ သင်တန်းကျောင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့များမှ အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်တုရင် ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဒိုင်ချုပ်နှင့် ဒိုင်အဖွဲ့ဝင်များ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ ပြိုင်ပွဲဝင်အသင်းများမှ တပ်ဖွဲ့ဝင်များတက်ရောက်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (စစ်တုရင်အဖွဲ့ချုပ်)

ဥတု ရာသီ တောကိုမှီ၍

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင် မလေးရှားနိုင်ငံ၌ သင်တန်းတက်ရောက်

ရန်ကုန် ဇွန် ၂၃

မလေးရှားနိုင်ငံ အမျိုးသမီးမိသားစုနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ NAM Institute for the Empowerment of Women(NIEW)က ကြီးမှူး၍ ကွာလာလမ်ပူမြို့၌ ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သည့် Financially Empowering Women through Education Industry သင်တန်းသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင် တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းသို့ တက်ရောက်ရန် ဇွန် ၁၃ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(ဝဲပုံ)** (သတင်းစဉ်)

(24-6)10.pmd 1 6/24/2010, 3:03 AM

ရခိုင်ကမ်းရိုးတန်းဒေသများ မိုးပိုလာမည်

နေပြည်တော်　　ဇွန်　　၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် တပ်ကုန်းတွင် သုည ဒသမ ၂၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၇ ဒသမ ၅၉ လက်မ၊ ကော့သောင်းမြို့နှင့် လောင်းလုံမြို့တို့တွင် ၄ ဒသမ ၁၃လက်မစီ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၀၈လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၈၃လက်မ၊ ပုသိမ်မြို့နှင့် နောင်ချိုမြို့တို့တွင် ၂ ဒသမ ၈၀ လက်မစီ၊ ရေးမြို့တွင် ၂ ဒသမ ၂၁လက်မနှင့် ထားဝယ်မြို့တွင် ၂ ဒသမ ၀၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။　။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၂၄ ရက် ညနေထိခန့်မှန်းချက် ။　။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။　။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။　။ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၃ဒသမ ၈ဒီဂရီစင်တီဂရိတ်)	၉၃ဒီဂရီဖာရင်ဟိုက်	၂၂-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၅ဒသမ ၀ ဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၂၃-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း		၂၃-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	၂ ဒသမ သုည နာရီခန့်		၂၂-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၃-၆-၂၀၁၀	၃၃မမ(၁.၃၀လက်မ)	၄၁မမ(၁.၆၀လက်မ)	၇၂မမ(၂.၈၃လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၆၇၁မမ (၂၆.၄၂လက်မ)	၇၄၅မမ (၂၉.၃၃လက်မ)	၇၉၀မမ (၃၁.၁၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၆-၂၀၁၀ ရက် ၈း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ စက်ရုံစုရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၂၅)တွင် ပါတီရုံးချုပ်တည်ရှိသော **မြို့တိုင်းရင်းသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြို့ တိုင်းရင်းသားပါတီ၏ အလံပုံစံ



မြို့ တိုင်းရင်းသားပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဇွန် ၉ ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဈေးများ မီးလောင်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ဈေးများအတွင်း မီးငြိမ်းသတ်ရေး အထောက်အကူပြု ပစ္စည်းများထားရှိမှု၊ လျှပ်စစ်မီးလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှု ရှိ၊ မရှိကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အင်္ဂလန်အသင်း အုပ်စုတက်ရေးအဆုံးအဖြတ်ဂိုးကို တိုက်စစ်မှူး ဒီဖိုး သွင်းယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီအသင်းအုပ်စုတက်ရေး ဆလိုဗက်ကီးယားကို မဖြစ်မနေ အနိုင်ကစားရမည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(E)နဲ့ အုပ်စု(F) နောက်ဆုံးပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ရာ အုပ်စု(F)က အီတလီအသင်း နောက်တစ်ဆင့်တက်ရေး မဖြစ်မနေ အနိုင်ကစားရတော့မှာ ဖြစ်ပါတယ်။

ဆလိုဗက်ကီးယား-အီတလီ
၂၄-၆-၂၀၁၀(ကြာသပတေးနေ့)
ည ၈း၃၀ နာရီ

ဆလိုဗက်ကီးယား တစ်မှတ်ရထားပြီး အီတလီက နှစ်မှတ်ရထားပါတယ်။ နယူးဇီလန်နဲ့ရမှတ်တူ ဒုတိယနေရာက အီတလီဟာ ရှုံးထွက်အဆင့် တက်ရောက်နိုင်ရေးအတွက် ဆလိုဗက်ကီးယားကို မဖြစ်မနေအနိုင်ကစားရမှာပါ။ အီကွင်တာ၊ ဂီလာဒီနို၊ ပီယာလို၊ ဒီရော့စီနဲ့ ဂတ်တူဆိုတို့ရှိနေတဲ့ အီတလီဟာ ဆလိုဗက်ကီးယားထက် ကစားသမားစုဖွဲ့မှုသာလွန်တာကြောင့် အီတလီရဲ့ အုပ်စုတက်ရေး မျှော်လင့်ချက်က ရှင်သန်မယ်လို့ ယူဆရပါတယ်။

ပါရာဂွေး-နယူးဇီလန်
၂၄-၆-၂၀၁၀(ကြာသပတေးနေ့)
ည ၈း၃၀ နာရီ

ပါရာဂွေး လေးမှတ်ရပြီး အုပ်စုကို ဦးဆောင်နေသလို နယူးဇီလန်ကလည်း နှစ်မှတ်ရထားတာကြောင့် အုပ်စုတက်ရေးမျှော်လင့်ချက်က ရှင်သန်နေဆဲပါ။ ပါရာဂွေးရဲ့အသင်းလိုက်စုဖွဲ့မှုက အားကောင်းသလို အီတလီကို သရေခံကစားသွားတဲ့ နယူးဇီလန်ရဲ့ခြေစွမ်းကလည်း လျှော့တွက်လို့မရတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်လာဦးမှာပါ။

ဒိန်းမတ်-ဂျပန်
၂၅-၆-၂၀၁၀(သောကြာနေ့)
နံနက် ၁ နာရီ

နှစ်သင်းလုံး သုံးမှတ်စီရထားပေမယ့် ဂျပန်ကဒုတိယနဲ့ ဒိန်းမတ်က တတိယနေရာမှာ ရှိနေပါတယ်။ ဒါကြောင့် ဒီနှစ်သင်းမှာ အနိုင်ရတဲ့အသင်းက နောက်တစ်ဆင့်တက်သွားမှာဖြစ်သလို သရေကျရင် ဂျပန်နောက်တစ်ဆင့်တက်နိုင်မှာပါ။ ခြေညီတဲ့ဒီနှစ်သင်းမှာ ဒိန်းမတ်က သမ္ဘာသာပေမယ့် ကြိုးစားအားထုတ်မှုကောင်းတဲ့ ဂျပန်ကလည်း ခြေကုန်ထုတ်လာမှာပါ။ ဒါကြောင့် ဒီပွဲဟာ သရေကျဖို့ ရာနှုန်းများနေပြီး ဘယ်အသင်းနိုင်နိုင် ဂိုးပြတ်ဖို့တော့ မရှိပါဘူး။

ကင်မရွန်း-နယ်သာလန်
၂၅-၆-၂၀၁၀(သောကြာနေ့)
နံနက် ၁ နာရီ

အမှတ်မရရှိသေးတဲ့ ကင်မရွန်းဟာ အုပ်စုတက်ရေးမျှော်လင့်ချက် ကုန်ဆုံးပြီလို့ ဆိုရမှာပါ။ နယ်သာလန် ခြောက်မှတ်ရထားပေမယ့် အုပ်စုဗိုလ်နေရာ သေချာစေရေး သရေတစ်မှတ်တော့ ရှာလာဦးမှာပါ။ ဒါကြောင့် ဒီပွဲမှာ နယ်သာလန် မရှုံးနိုင်ဘူးလို့ ယူဆရပါတယ်။

နာမည်ကြီး အင်္ဂလန်အသင်း အုပ်စုဒုတိယဖြင့်သာ နောက်တစ်ဆင့်တက် အာဂျင်တီးနားနှင့် တောင်ကိုရီးယား နောက်တစ်ဆင့်တက်ပြီး ဂရိ ပြိုင်ပွဲမှထွက်ရ

ဂျိုဟန်နက်စဘတ်　　ဇွန်　　၂၃

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(C) နောက်ဆုံးပွဲစဉ်များကို ယနေ့ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်နဲ့ အမေရိကန်တို့ နိုင်ပွဲအသီးသီး ရရှိခဲ့ပါတယ်။

ဝင်းတင်
(ကြေးမုံ)
အဆင်အပြင်-တင်ထွန်းတာ

ဆလိုဗေးနီးယား ၀-၁ အင်္ဂလန်

နှစ်သင်းလုံး အုပ်စုကျော်ဖြတ်ရေး နိုင်ပွဲလိုအပ်နေတာကြောင့် လူစုံထုတ်၊ ပညာကုန်သုံးပြီး ယှဉ်ပြိုင်လာခဲ့ပါတယ်။ ဒါကြောင့် ပွဲဟာ အကြိတ်အနယ်ရှိခဲ့ပါတယ်။ အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၃ မိနစ်မှာ တိုက်စစ်မှူး ဒီဖိုးက သွင်းယူခဲ့ပါတယ်။

အင်္ဂလန်အသင်းမှာ ဒေးဗစ်ဂျိမ်းစ်၊ ဂျွန်ဆင်၊ ဟပ်ဆန်၊ တယ်ရီ၊ အက်ရှ်လေကိုး၊ ဘယ်ရီ၊ မေလ်နာ၊ လမ်းပတ်၊ ဂျရတ်၊ ဒီဖိုးနဲ့ ဝိန်းရွန်နေးတို့ ပါဝင်ခဲ့ပါတယ်။

အုပ်စု(C) ပွဲစဉ်များအပြီးမှာ အမေရိကန်က အုပ်စုဗိုလ်၊ အင်္ဂလန်က အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့် တက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အမေရိကန် ၁-၀ အယ်လ်ဂျီးရီးယား

အုပ်စုတက်ရေး မျှော်လင့်ချက်ရှိနေတဲ့ အမေရိကန် ဒီပွဲကို အနိုင်ရရှိရေးအတွက် ဘိုကာနီဂရာ၊ ချာရန်ဒိုလို၊ အဒူး၊ အယ်လ်တီဒိုရီ၊ ဒမ်ဆေး၊ ဂိုမက်ဇ်၊ ဒိုနိုဗန်တို့နဲ့ လူစုံထုတ်သုံးခဲ့ပါတယ်။ ယာဟီရာ၊ လာစင်၊ ဂျီဘရူး၊ ဇီယာနီတို့နဲ့ ပွဲထွက်လာတဲ့ အယ်လ်ဂျီးရီးယားဟာ အမေရိကန်ကို ခြေရည်တူကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်အတွက် အနိုင်ဂိုးကို ပွဲချိန် မိနစ် ၉၀ ပြည့်လို့ နာကျင်အချိန်ပို နှစ်မိနစ်မှာ ဒိုနိုဗန်က သွင်းယူခဲ့တာကြောင့် အမေရိကန်တို့ ရှုံးထွက်အဆင့်ကို တက်နိုင်ခဲ့ပါတယ်။

အုပ်စု(B)

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(B) ရဲ့ နောက်ဆုံးပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အာဂျင်တီးနားအသင်း ရာနှုန်းပြည့်နိုင်ပွဲဆက်ပြီး တောင်ကိုရီးယားနဲ့ နိုင်ဂျီးရီးယားတို့ပွဲမှာ သရေကျခဲ့ပါတယ်။

အာဂျင်တီးနားနဲ့ ဂရိတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ အာဂျင်တီးနားက ပွဲချိန် ၇၇ မိနစ်မှာ ဒီမစ်ချယ်လီနဲ့ ပွဲချိန် ၈၉ မိနစ်မှာ ပါလာမိုတို့သွင်းတဲ့ဂိုးတွေနဲ့ ဂရိကို နှစ်ဂိုးပြတ်အနိုင်ရရှိကာ အုပ်စုဗိုလ်နဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တောင်ကိုရီးယားနဲ့ နိုင်ဂျီးရီးယားတို့ပွဲမှာ နှစ်ဂိုးစီသရေကျခဲ့ပြီး တောင်ကိုရီးယားအသင်း အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့် တက်နိုင်ခဲ့ပါတယ်။

အုပ်စု(B) ပွဲစဉ်များအပြီးရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	အာဂျင်တီးနား	၃	၃	၀	၀	၉
၂	တောင်ကိုရီးယား	၃	၁	၁	၁	၄
၃	ဂရိ	၃	၁	၀	၂	၃
၄	နိုင်ဂျီးရီးယား	၃	၀	၁	၂	၁

အုပ်စု(C) ပွဲစဉ်များအပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	အမေရိကန်	၃	၁	၂	၀	၅
၂	အင်္ဂလန်	၃	၁	၂	၀	၅
၃	ဆလိုဗေးနီးယား	၃	၁	၁	၁	၄
၄	အယ်လ်ဂျီးရီးယား	၃	၀	၁	၂	၁

" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်-(၁၈၄/ဘီ)တွင် မှတ်ပုံတင်ရုံးစိုက်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Taung Pyar Dan Co., Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ပိုင်ဆိုင်သော အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

စံပယ်ဆန်မွှေး (IV-၄၆၈၂/၂၀၀၉) | စိန်ဆန် (IV-၅၀၇၉/၂၀၀၉) | ငွေဆန် (IV-၅၀၆၀/၂၀၀၉) | စိန်စီသောဆန် (IV-၅၀၆၀/၂၀၀၉) | ရွှေဆန် (IV-၅၀၆၂/၂၀၀၉) | ပတ္တမြားဆန် (IV-၅၀၆၃/၂၀၀၉)

ZERO (IV-၇၁၂၅/၂၀၀၉) | AIR ZERO (IV-၇၁၂၅/၂၀၀၉) | HYDROGEN (IV-၄၁၇၆/၂၀၀၉) | နောင်မွှေး NAUNG HMWE (IV-၁၈၄၅/၂၀၁၀) | နောင်ရှည်မွှေး NAUNG SHAY HMWE (IV-၁၈၄၆/၂၀၁၀)

အထက်တွင် ကပ်နိုင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို အသုံးပြု၍ Taung Pyar Dan Co., Ltd. သည် အမည်အသွေးမီ (က) Sauce အမျိုးမျိုး မဆလာအမျိုးမျိုး ငရုတ်သီးမှုန့်အသားမှုန့် နှင့် ဟင်းခတ်အမွှေးအကြိုင် အမျိုးမျိုး (ခ) Coffeemix၊ Teamix၊ Cereal (ကော့ဖီ) ‌ရောကလော် ကိုလာ ... (Instant/Ready) ... (malt) ... (ဂ) ... (ဃ) ... (င) ... (စ) ... ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ ... ကိုဖြစ်စေ ... တုပ၍ ... ထုတ်လုပ်ခြင်း ဖြန့်ချိရောင်းချခြင်း ... ပြုလုပ်ပါက ... ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဖိုးနစ်(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

အမှတ်-၁၀၇(ပထမထပ်) ... ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့။ ဖုန်း- ၇၉၇၂၈၄၊ ၇၉၇၂၈၅၊ ၂၉၈၀၇၂။

လက်ဝှေ့ရွှေခေတ် ရောက်တော့မည်

သတင်းမှတ်စု ဇော်မင်းအောင်(၁၀၇)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားရေးကို ကဏ္ဍတစ်ရပ်အနေဖြင့် အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

"အားကစားမြင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားအမျိုးအစားအလိုက်၊ အားကစားအဖွဲ့ချုပ် တစ်ခုချင်းအလိုက် လုပ်ငန်းရှင်ကြီးများအား တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ချိန်က ရွှေခေတ်ရောက်ခဲ့သော လက်ဝှေ့အားကစားကို ပြန်လည်မြင့်တင်ရန်အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ငွေကြေးကျခံ စိုက်ထုတ်ပြီး အားတက်သရော ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

တစ်ချိန်က မြန်မာ့လက်သီးကို အာရှသာမက ကမ္ဘာကသိစေခဲ့သော မြန်မာလက်ဝှေ့ကျော်များမှာ အမ်ဘားဝါး၊ ဂျိတ်ဘားဝါး၊ သိန်းမြင့်၊ တင်ထွန်း၊ ကျားဘညိမ်းတို့မှသည် စန်းမြင့်၊ သက်ဦးလေး၊ ဒေါ်လာ၊ နီနီ၊ နီလုံး၊ တင်မောင်ဖေ၊ မိုးဝေ၊ စိုင်းဖေဝင်း၊ စောရှူဘီ၊ စိုင်းတင်မြင့်၊ စောဒီကင်း (ခေါ်) အောင်ငွေးမြင့်၊ စိုးစိုး၊ သန်းလွင်၊ ဇော်လတ်၊ မြင့်စိုးလေး၊ စံလှလေး၊ နေဇော်၊ ကျော်စွာအောင်တို့အထိ ဝါသနာရှင်တိုင်းအသိပင် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှအားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်၍ အဘက်ဘက်မှ ကြိုးပမ်းပြင်ဆင်လျက်ရှိရာ အိမ်ရှင်အဖြစ် မျက်နှာပန်းလှရေးအတွက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ကို အသစ်ဖွဲ့စည်းပြီး ယခုကတည်းက အားကြိုးမာန်တက် အောက်ခြေသိမ်းမှစပြီး ဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အားကစားသမားများ ရွေးချယ်ခြင်းနှင့် ပြိုင်ပွဲများကျင်းပရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နေပါသည်။

"ပွဲမဝင်ခင် ပြင်ပကလေ့ကျင့်" ဆိုစကားအတိုင်း ပြင်ဆင်မှုပထမခြေလှမ်းအနေဖြင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့အဖွဲ့ချုပ်ကော်မတီများ၊ အနယ်နယ်အရပ်ရပ်ရှိကလပ်အသင်းများ တွေ့ဆုံညှိနှိုင်းပွဲကို EAGLE-GARDEN ခန်းမ၌ ဇွန် ၂၀ ရက်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ဝှေ့အားကစား တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရန်အတွက် မိမိတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြား တိုက်တွန်းသွားပါသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးရန်ဝင်းက လက်ဝှေ့အားကစား တိုးတက်မြင့်မားရေး၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ အရှေ့တောင်အာရှအားကစားပွဲတော်တွင် အောင်နိုင်ရေး၊ ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပွဲမှာ မျက်နှာပန်းလှရေး၊ အောင်နိုင်ရေး တို့အတွက် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသွားသည်။

လက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မီးခဲပြာဖုံးအားကစားသမားများ၊ လက်ဝှေ့ကို ချစ်မြတ်နိုးသော အားကစားသမားများ ဖော်ထုတ်ရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် လက်ဝှေ့အားကစားသမားများ ပေါ်ထွန်းလာရေးတို့အတွက် ငွေအားလူအားသာမက လက်ဝှေ့အထောက်အကူပစ္စည်းများကိုလည်း အပြည့်အဝ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြိုင်ပွဲများ ကျင်းပခြင်း၊ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်း၊ လက်ဝှေ့နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများပို့ချခြင်း၊ ဒိုင်သင်တန်းများ ဖွင့်လှစ်ခြင်းများအပြင် လက်ရွေးစင်ကစားသမားများ အဆင့်အတန်းမီစွာ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ထောက်ပံ့ကြေးများကို အပြည့်အဝ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိသားစုသဖွယ် အားတက်သရော မှာကြားသွားသည်ကို တွေ့မြင်ကြားသိလိုက်ရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌများဖြစ်သည့် ဦးသိန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးနော်တောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်)တို့က လိုအပ်သည်များကို တိုက်တွန်းမှာကြားသွားပြီး တက်ရောက်လာကြသူများကလည်း အကြံပြုဆွေးနွေးကြရာ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိပင် ကြာမြင့်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဤတွေ့ဆုံဆွေးနွေးပွဲမှစတင်ခဲ့သော ရည်မှန်းချက်များကို ဝိုင်းဝန်း၍ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုလျှင် မကြာမီကာလတွင် "လက်ဝှေ့ရွှေခေတ်ရောက်တော့မည်"ဟုသာ ဆိုလိုက်ချင်ပါသည်။ ။

ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အထက(၁) နဝမတန်း(B)မှ မငြိမ်းမို့မို့လွင်၏ ဖခင်အမည်မှန်မှာ ဦးဝေမိုးလွင် [၁၂/ကတန(နိုင်)၀၇၂၈၃၂]ဖြစ်ပါကြောင်း။

ဦးဝေမိုးလွင်

တိုက်ခန်းရောင်းမည်

၃၉ လမ်းနှင့် လမ်း၄၀ကြား ပထမထပ်၊ ဝဲဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ် တိုက်ခန်းအား ပွဲစားမလို အိမ်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း-၆၄၂၂၄၃၊ ၀၉-၅၀၁၀၆၂၈

" English ... "

Ph:571545, 09-5126883

Ph:544591, 09-5011124

Ph:200917,09-5126882

ကျေးဇူးဆပ်ပါမည်

ကျွန်မ မချောစု၏ Passport နံပါတ်-627778 ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၀၃၂၅၃၆

သင့်သွေးဖြင့် အသက်ကယ်ပါ

မြို့မဈေးသမဝါယမ ပညာသင်စရိတ်ပေးအပ်

နေပြည်တော်တပ်ကုန်း ဇွန် ၂၃

နေပြည်တော်တပ်ကုန်းမြို့နယ် မြို့မဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့မဈေးဓမ္မာရုံ၌ ကျင်းပရာ အသင်းသား ၂၀၀ တက်ရောက်ကြသည်။

အသင်းသားများအား အစုပေါ်အမြတ်ငွေထုတ်ပေးခြင်းနှင့် အသင်းသားများ၏သားသမီးများဖြစ်ကြသော တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူငါးဦးအား အသင်းမှ ပညာသင်ချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ စီကို မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးကျော်ဝင်းက ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** (၆၆၄)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့်ကူးစက်ပြီး ကပ်ရောဂါ ဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက် သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနစ်မြုပ်မှုများသည် ဒေသအချို့တွင်သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းများ နိုင်နင်းစွာဆောင်ရွက်နေ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးနေမှုများအပြင် နိုင်ငံတော်အစိုးရက ထပ်ဆင့်ပံ့ပိုးကူညီသွားမှာဖြစ်

နေပြည်တော် ဇွန် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်မြို့တော်ခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာကြားရှိ ရထားလမ်း ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ရထားပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။(အပေါ်ပုံ)

(သတင်းစဉ်)